# ဖိုကိုလာရေလှုပ်ရှားမှု

# အသက်ပေးသည့် နှုတ်တော်ထွက်စကား

ဖေဖော်ဝါရီလ ၂၀၁၆

**“အမိသည်သားငယ်ကိုနှစ်သိမ့်စေသကဲ့သို့ သင်တို့ကိုငါနှစ်သိမ့်စေမည်” (ယေရှာယ၆၆း၁၃)**

ငိုကြွေးနေသောကလေးက မိခင်၏ရင်ခွင်ထဲသို့တိုးဝင်သည့်မြင်ကွင်းကို မမြင်ဘူးသူရှိပါသလား။ အရေးကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ်စေ၊ မည်သည့်အကြောင်းကြောင့်ပင်ဖြစ်စေ မိခင်ဖြစ်သူက ဖြည်းဖြည်းချင်း မျက်ရည်စတို့ကိုခြောက်သွေ့သွားအောင် ကြင်နာမှုဖြင့်မြှုချော့ပြီးနောက် တစ်ဖန်ပြန်၍ပြုံးရွှင်လာစေပါသည်။ မိခင်၏ရပ်တည်မှုနှင့် ချစ်ခင်ကြင်နာမှုသည်လုံလောက်ပေ၏။ ဘုရားသခင်သည်လည်းကျွန်ုပ်တို့အပေါ် အလားတူပင်သဘောထားပြီး မိမိကိုယ်ကို မိခင်နှင့်ခိုင်းနှိုင်းထားပါသည်။

အဆိုပါနှုတ်တော်ထွက်စကားကို ဘုရားသခင်က ဘေဘီလုံတွင် ထွက်ပြေးခိုလှုံရာမှ ပြန်လာကြသောသူ၏လူမျိုးတို့အားမြွက်ဆိုတော်မူခြင်းဖြစ်သည်။ သူတို့အားကြည့်ရသည်မှာ ၎င်းတို့၏နေအိမ်များနှင့် ဝတ်ပြုကျောင်းတို့မှာ ဖျက်ဆီးခြင်းခံခဲ့ရပြီး တိုင်းတစ်ပါးသို့ပြည်နှင်ဒဏ်ပေးခံရကာ ထိုအရပ်တွင် ဆုံးရှုံးခြင်းနှင့် ဝမ်းနည်းမြည်တမ်းခဲ့ရပုံပေါ်သည်။ ယခု၎င်းတို့၏မွေးရပ်မြေသို့ပြန်လာကြသည့်အခါ သူတို့သည် အပျက်အစီးများမှ တစ်ဖန်ပြန်လည်တည်ဆောက်ခဲ့ကြရသည်။

အစ္စရေးလူမျိုးတို့၏ကြမ္မာဆိုးမှာ စစ်ဘေးရင်ဆိုင်ကြုံတွေ့ရသည့်သူများ၊ အကြမ်းဖက်သတ်ဖြတ်မှုများသို့မဟုတ် လူမဆန်စွာဆက်ဆံအသုံးချခြင်းများ၏သားကောင်များအဖြစ်မကြာခဏရင်ဆိုင်နေခဲ့ကြရသည်။ အိမ်များ လမ်းများမြေလှန်ဖျက်ဆီးခံရသည်၊ ယဉ်ကျေးမှုအမွေအနှစ်အထိမ်းအမှတ်နေရာများဖြိုချဖျက်ဆီးခံရသည်၊ အသုံးအဆောင်ပစ္စည်းများလုယက်ခိုးယူခံရသည်၊ ဝတ်ပြုရာနေရာများလည်းဖျက်ဆီးခံခဲ့ရသည်။ လူပေါင်းများစွာပြန်ပေးဆွဲခံခဲ့ရသကဲ့သို့ သန်းနှင့်ချီရှိသောလူများ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ထောင်ပေါင်းများစွာသောလူများ ကန္တာရထဲ၌သော်လည်းကောင်း၊ ပင်လယ်ထဲ၌သော်လည်းကောင်း သေဆုံးခဲ့ကြရသည်မှာ ကမ္ဘာပျက်သည့်အလားပင်ဖြစ်တော့သည်။

အသက်ပေးသည့်နှုတ်တော်ထွက်စကားဆိုသည်မှာ ဘုရားသခင်တည်ရှိနေမှုကို မခံစားရသည့်တိုင် ကိုယ်တော်ရှင်၏ချစ်ခြင်းမေတ္တာဖြင့်လုပ်ဆောင်မှုကို သိမှတ်ယုံကြည်လာအောင် ဖိတ်ခေါ်ချက်ပင်ဖြစ်သည်။ ယင်းကား မျှော်လင့်ခြင်း၏ကြေညာချက်ပင်ဖြစ်သည်။ ကိုယ်တော်ရှင်သည် ဖိနှိပ်မှုသော်လည်းကောင်း၊ မတရားမှုသော်လည်းကောင်း၊ နှင်ထုတ်ခြင်းသော်လည်းကောင်း ခံရသောသူတစ်ယောက်၏နံဘေးတွင်ရှိပါသည်။ သူသည် ကျွန်ုပ်တို့နှင့်လည်းကောင်း၊ မိသားစုနှင့်လည်းကောင်း၊ ကျွန်ုပ်၏လူမျိုးတို့နှင့်လည်းကောင်း အတူရှိပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့တစ်ဦးချင်း၏နာကျင်ခံစားမှုနှင့် လူသားထုတစ်ရပ်လုံး၏ခံစားချက်ကို သိပါသည်။ ကိုယ်တော်သည် လက်ဝါးကပ်တိုင်ထက်တွင် အသက်တော်စွန့်ခဲ့သည်အထိ ကျွန်ုပ်တို့နှင့် တစ်လုံးတစ်ဝတည်းရှိခဲ့ပါသည်။ ထို့ကြောင့် ကိုယ်တော်သည် ကျွန်ုပ်တို့အား မည်သို့နားလည်ပေးရမည်၊ မည်သို့နှစ်သိမ့်ပေးရမည်ကို သိပါသည်။ မိခင်တစ်ဦးက သားကို ပေါင်ပေါ်တင်၍နှစ်သိမ့်မှုပေးသည့်အလားပင် ဖြစ်သည်။

ကိုယ်တော်ရှင်ကိုမြင်တွေ့ဖို့ရန် ကျွန်ုပ်တို့၏မျက်လုံးအစုံနှင့်နှလုံးသားများကိုဖွင့်ဖို့လိုအပ်ပါသည်။ ညင်သာသောကိုယ်တော်ရှင်၏ချစ်ခြင်းမေတ္တာအတိုင်းအဆကို ကျွန်ုပ်တို့ထိတွေ့ခံစားနိုင်ဖို့ရန် နာကျင်ခံစားနေရသူများ၊ တရားရင်ဆိုင်နေရသူများအပေါ် ကျွန်ုပ်တို့က ထိုမေတ္တာမျိုးထပ်ဆင့်ပြသခဲ့ပါလျှင် ကျွန်ုပ်တို့သည်လည်း နှစ်သိမ့်ခြင်း၏အသုံးခံတန်ဆာပလာများဖြစ်လာပေမည်။ ရှင်ပေါလုကလည်း ကောရိန်သုမြို့သားတို့အား “ငါတို့ကိုယ်တိုင်သည် ဘုရားသခင်ထံမှရရှိကြသောသူများကို နှစ်သိမ့်အားပေးနိုင်ကြရန် ကိုယ်တော်သည် ငါတို့ကို ဒုက္ခဆင်းရဲအပေါင်းတို့အား အားပေးနှစ်သိမ့်တော်မူ၏ ”(၂ ကော် ၁း၄) ဟု အကြံပြုထားပါသည်။

ယင်းကား ကယားရာလူးဘစ်၏ လေးနက်ပြီး ထူးခြားသည့်ကိုယ်ပိုင်အတွေ့အကြုံလည်းဖြစ်သည်။ “သခင်၊ အထီးကျန်ဖြစ်နေသူတိုင်းကို ကျွန်ုပ်အားပေးပါ၊ တစ်လောကလုံးမှစွန့်ပစ်ခြင်းကို ခံနေရသူများအတွက် ကိုယ်တော်ရှင်၏နှလုံးသားဝယ် လောင်မြိုက်ခံစားနေရသကဲ့သို့ ကျွန်ုပ်၏နှလုံးသားတွင်လည်း ထပ်တူခံစားရပါသည်။ နာမကျန်းသောသူများနှင့်အထီးကျန်ဖြစ်နေသူတိုင်းကို ကျွန်ုပ်ချစ်ပါသည်။ မည်သူသည် ထိုသူတို့၏မျက်ရည်ကို သုတ်ပေးပါမည်နည်း၊ သူတို့၏သေခြင်းအတွက် ဝမ်းနည်းပူဆွေးပါမည်နည်း။ စိတ်ပျက်အားငယ်နေသော သူတို့၏နှလုံးသားများကို မည်သူနှစ်သိမ့်အားပေးပါမည်နည်း။ ကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်အားဖြင့် ဤကမ္ဘာလောက၌ ကိုယ်တော်ရှင်၏ချစ်ခြင်းမေတ္တာတော်ကို အမှန်တကယ်ထိတွေ့ခံစားနိုင်စေပါ။ အကျွန်ုပ်အား ကမ္ဘာလောကကြီးပေါ်မှအထီးကျန်ဆန်မှုများအားလုံးကို ချစ်ခြင်းမေတ္တာပေးဝေလျက် နှစ်သိမ့်မှုကိုပေးသော ကိုယ်တော်ရှင်၏လက်တော်များဖြစ်စေပါ။”

*Fabio Ciardi* တည်းဖြတ်သည်။